**"၂၀၁၉၊ ဇူလိုင် (၅) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ မြန်မာကိုဒက်ကော်မတီဖွဲ့စည်းရန် အကြိုညှိနှိုင်းအစည်းအဝေး" မှတ်တမ်း**

**၁။ အစည်းအဝေးတွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ပါသည်-**

၁။ ဒေါက်တာသာထွန်းကျော်
အမြဲတမ်းအတွင်းဝန် (၂)
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

၂။ ပါမောက္ခ ဒေါက်တာခင်ဇော်
ညွှန်ကြားရေးမှူးချုပ်
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

၃။ ဒေါက်တာသန်းသန်းလွင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ကျန်းမာရေးဌာန
ရန်ကုန်စည်ပင်သာယာရေးကော်မတီ

၄။ ဒေါက်တာဝေဖြိုးအောင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ကျန်းမာရေးဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၅။ ဦးအောင်သန်းဦး
ဌာနစုမှူး
ဈေးနှင့်သားသတ်ဌာန
မန္တလေးစည်ပင်သာယာရေးကော်မတီ

၆။ ဒေါက်တာဇော်လွန်းအောင်

ဒုတိယညွှန်ကြားရေးမှူး

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၇။ ဦးလှဦး

ညွှန်ကြားရေးမှူး (စီမံ)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

၈။ ဒေါက်တာဥမ္မာစိုးဝင်း

ညွှန်ကြားရေးမှူး (အစားအသောက်)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

၉။ ဦးမိုးကျော်အေး

ညွှန်ကြားရေးမှူး

အကောက်ခွန်ဦးစီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

၁၀။ ဦးမြင့်ဝေ

ညွှန်ကြားရေးမှူး (သတင်းအချက်အလက်နှင့် နည်းပညာ)

စားသုံးသူရေးရာဦးစီးဌာန

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၁၁။ ဒေါက်တာမြင့်မြင့်သန်း

ညွှန်ကြားရေးမှူး (ဆေးဝါး/ ဥယျာဉ်)

တိုင်းရင်းဆေးပညာဦးစီးဌာန

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

၁၂။ ဒေါက်တာသန်းသန်းစိုး

ပါမောက္ခ

အစာအာဟာရသိပ္ပံနှင့်နည်းပညာ၊ စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၁၃။ ဒေါက်တာလွင်မာလှိုင်

ညွှန်ကြားရေးမှူး (တာဝန်)/ (အာဟာရ)

ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

၁၄။ ဒေါက်တာဝေမိုးကျော်

ဒုတိယညွှန်ကြားရေးမှူး (ကိုယ်စား)

အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာန

သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန

ပညာရေးဝန်ကြီးဌာန

၁၅။ ဒေါ်ခိုင်ခိုင်ဇံ

ဒုတိယညွှန်ကြားရေးမှူး

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၁၆။ ဦးကျော်သူရ

ဒုတိယညွှန်ကြားရေးမှူး

သတ္တုတွင်းဦးစီးဌာန

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၁၇။ ဒေါက်တာစုမျိုးသွယ်

ဒုတိယညွှန်ကြားရေးမှူး

ငါးလုပ်ငန်းဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၁၈။ ဒေါက်တာချောနုနုအေး

ဒုတိယညွှန်ကြားရေးမှူး (ပြည်တွင်း/ ဈေးကွက်)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

၁၉။ ဒေါ်တင်အေးကြည်

ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)၊ စီမံရေးရာဌာနခွဲ

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

၂၀။ ဒေါ်မေသူဝင်း

လက်ထောက်ညွှန်ကြားရေးမှူး (ကိုယ်စား)

သီးနှံကာကွယ်ရေးဌာနခွဲ

စိုက်ပျိုးရေးဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂၁။ ဦးခင်မောင်စိုး

လက်ထောက်ညွှန်ကြားရေးမှူး

ကုန်သွယ်ရေးဦးစီးဌာန

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၂၂။ ဦးမင်းသူ

တွဲဖက်အထွေထွေအတွင်းရေးမှူး (ကိုယ်စား)

မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

၂၃။ ဦးသင်မောင်မြင့်

ဒု-ဥက္ကဋ္ဌ (ကိုယ်စား)

မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း

၂၄။ ဒေါက်တာဖြိုးညီညီသက်

ဦးစီးအရာရှိ (အစားအသောက်)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၂၅။ ဒေါက်တာဇင်မင်းဦး

ဦးစီးအရာရှိ (အစားအသောက်)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၂၆။ ဒေါ်ဇင်နွယ်မြင့်

ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၂၇။ ဒေါ်မိုးနှင်းအေး

ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၂၈။ ဒေါ်ခင်ချိုလင်း

ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

**၂။ အစည်းအဝေးမတက်ရောက်သူစာရင်း**

၁။ ဒေါ်ဝင်းဝင်းကြည်

ဥက္ကဋ္ဌ

အစာအာဟာရသိပ္ပံနှင့်နည်းပညာအသင်း

၂။ ဒေါက်တာဌေးလွင်

ဒု-ဥက္ကဋ္ဌ (၂)

မြန်မာစားသုံးသူများသမဂ္ဂ

**၃။** ရေးဦးစွာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် (၂)၊ ဒေါက်တာသာထွန်းကျော်မှ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်တကွ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာကိုဒက်ကော်မတီနှင့်ပတ်သက်၍ နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ယနေ့ကြွရောက်ပေးကြသည့်အတွက် များစွာကျေးဇူးတင်ကြောင်း၊ မြန်မာကိုဒက်ကော်မတီအကြိုညှိနှိုင်းအစည်းအဝေးနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့်ဆေးပစ္စည်းများဆိုင်ရာ အာဏာပိုင်အဖွဲ့ (၁/၂၀၁၇) အစည်းအဝေးတွင် မြန်မာကိုဒက်

ကော်မတီကို ဖွဲ့စည်းရန်ဆုံးဖြတ်ခဲ့ကြောင်း၊ (၂၈-၃-၂၀၁၈) ရက်နေ့တွင် မြန်မာကိုဒက်ကော်မတီ ဖွဲ့စည်းရန် အကြိုညှိနှိုင်းအစည်းအဝေးကို အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနတွင် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာကိုဒက် ကော်မတီဖွဲ့စည်းနိုင်ရေး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ တင်ပြပြီး အမည်စာရင်း တောင်းခံရန်နှင့် ကိုဒက်ရုံးအဖွဲ့ ဖွဲ့စည်းနိုင်ရန်အတွက် လိုအပ်သော ဘဏ္ဍာငွေတင်ပြနိုင်ရေး ဆောင်ရွက်ရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ လုပ်ဆောင်မည်ဟု ဆုံးဖြတ်ခဲ့ ပြီးဖြစ်ကြောင်း၊ မြန်မာကိုဒက် ကော်မတီသည် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ် သော အမျိုးသားအဆင့်အဖွဲ့အစည်းဖြစ်ပါကြောင်း၊ Codex Alimentarius Commission သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး အဖွဲ့ (FAO) တို့ ပူးပေါင်းဖွဲ့စည်း ထားသော ကော်မရှင်တစ်ရပ်ဖြစ်ပြီး အစားအသောက် စံချိန်စံညွှန်းများ၊ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်စံနှုန်းများ သိပ္ပံနည်းကျ အခြေခံ ရေးဆွဲပြဋ္ဌာန်း ဆောင်ရွက်မှုများ လုပ်ဆောင်နေသည့် အဖွဲ့အစည်းဖြစ်ပြီး စားသုံးသူကျန်းမာရေးကို အကာအကွယ် ပေးရန်နှင့် နိုင်ငံများအကြား ကုန်သွယ်မှုပြုရာတွင် သင့်တော်ညီမျှသော အလေ့ အကျင့်ဖြစ်ထွန်းရေး ဦးစားပေးဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်ကြောင်း၊ ကိုဒက်ကော်မရှင်တွင် အဖွဲ့ဝင်နိုင်ငံပေါင်း (၁၈၈) နိုင်ငံပါဝင်ပြီး မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံအဖြစ် (၁၉၇၈) ခုနှစ်မှ စတင်ပါဝင်ခဲ့ခြင်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံအဖြစ်ရှိနေသော်လည်း ကိုဒက်ကော်မရှင်၏ ပုံမှန် ကျင်းပပြုလုပ်နေသည့် အစည်းအဝေးများ၊ အစားအသောက် စံချိန်စံညွှန်းဆိုင်ရာ ညှိနှိုင်းမှုများ၊ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း သတ်မှတ်စံနှုန်းများ ရေးဆွဲ ပြဋ္ဌာန်းသည့် လုပ်ငန်းစဉ်ကိစ္စရပ်များ၌ ပုံမှန်ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ၍ ယင်းကိစ္စရပ်များတွင် ပုံမှန်ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာကိုဒက်ကော်မတီတစ်ရပ် ဖွဲ့စည်းရန် အထူးလိုအပ် လျှက်ရှိကြောင်း၊ မြန်မာကိုဒက်ကော်မတီဖွဲ့စည်းရခြင်း ၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအစားအသောက် အာဏာပိုင်အဖွဲ့၏ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးဆိုင်ရာမူဝါဒ များ၊ ရပ်တည်ချက်များချမှတ်ရာတွင် အထောက်အကူဖြစ်စေရန်၊ မြန်မာနိုင်ငံ၏ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးဆိုင်ရာ ကိစ္စရပ်များတွင် ဦးစားပေးဆောင်ရွက်ရမည့် ကဏ္ဍများကို ဖော်ထုတ်နိုင်ရန်၊ စားသုံးသူပြည်သူများ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးပြည့်မီသော စားသောက်ကုန်များ သုံးစွဲနိုင်ရေးနှင့် ကုန်သွယ်မှုအခန်းကဏ္ဍများ

အတွက် သင့်လျော်ညီမျှသော လုပ်ဆောင်မှုများ ပေါ်ထွန်းရေး အထောက်အကူဖြစ်စေရန်၊ မြန်မာ့စားသောက်ကုန်စံချိန်စံညွှန်းများ ရေးဆွဲပြဋ္ဌာန်းရာတွင် မြန်မာနိုင်ငံ စံချိန်စံညွှန်းသတ်မှတ်ရေးကော်မတီမူဝါဒနှင့်အညီပြဋ္ဌာန်းနိုင်ရန်၊ ပင်မကိုဒက်ကော်မရှင်၊ ဒေသတွင်းကိုဒက်အဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်များ၌ ပုံမှန်ပါဝင်ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်းနှင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်ပြီး မူဝါဒနှင့်လမ်းညွှန်ချက် ဆောင်ရွက်နိုင်ရန် အစားအသောက်စံချိန်စံညွှန်းများ သတ်မှတ်နိုင်ရန်အတွက် အစားအသောက်ကွင်းဆက် တစ်လျှောက် ဆက်စပ်ပတ်သက်နေသော နှီးနွှယ်ဌာနများအားလုံးပါဝင်သော ကော်မတီတစ်ရပ် ဖွဲ့စည်းနိုင်ရန် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့ပါသည်။

၄။ ဆက်လက်၍ ပါမောက္ခဒေါက်တာခင်ဇော်၊ ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ Codex Alimentarius Commission ၏ background နှင့် မြန်မာနိုင်ငံသည် (၁၉၇၈) ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ခဲ့သော်လည်း Codex နှင့်ပတ်သက်သည့် Activites များကို ပုံမှန်ဆောင်ရွက်ရန် အားနည်းနေကြောင်း၊ မြန်မာကိုဒက်ကော်မတီ ဖြစ်ပေါ်လာပုံ၊ WHO Consultant ၏ အကြံပြုချက်များကို တင်ပြဆွေးနွေးခဲ့ပါသည်။ ထို့နောက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ မြန်မာကိုဒက်ကော်မတီ၏ ရည်ရွယ်ချက်အားတင်ပြခဲ့ပါသည်။

ဆက်လက်၍ မြန်မာကိုဒက်ကော်မတီ အဖွဲ့ဝင်ကိုယ်စားလှယ်အမည်စာရင်း အတည်ပြုသတ်မှတ်ခြင်းအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးရန် ဖိတ်ခေါ်ခဲ့ပါသည်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနမှ လက်ရှိတွင်အဖွဲ့ဝင် (၂၂) ယောက် ဖြစ်နေ၍ ဌာနတစ်ခုတည်းမှ အဖွဲ့ဝင်(၂) ယောက် (၃) ယောက် မပါဝင်စေလိုကြောင်း၊ အမည်ဖြင့်ဖိတ်မည့်အစား ရာထူးဖြင့်ဖိတ်လျှင် ပို၍သင့်တော်ကြောင်း၊ ဌာနတစ်ခုလျှင် ကိုယ်စားပြုအနေဖြင့် တစ်ယောက်စီသာသင့်တော်ကြောင်း ဆွေးနွေးခဲ့ပါသည်။ ရန်ကုန်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနမှ လက်တွေ့တွင် အမှတ်တကယ်လုပ်ဆောင်နေသောသူ၊ အစာအာဟာရနှင့်ပက်သက်၍ ကျွမ်းကျင်သောသူသာလျှင် ဖြစ်သင့်ကြောင်း၊ ကိစ္စအားလုံးကိုကိုင်တွယ်ဖြေရှင်းနိုင်သူသာလျှင် ဖြစ်သင့်ကြောင်း ပြောကြားခဲ့ပါသည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ကျစ်ကျစ်လစ်လစ် ဖွဲ့စည်းသင့်ကြောင်း၊ ၎င်းတို့ဝန်ကြီးဌာနအောက်တွင်

သတ္တုရေးရာနှင့် သစ်တောရေးရာဟူ၍ နှစ်ခုရှိပြီး ၎င်းအနေဖြင့် စစ်ဆေးရေးသွားချိန်တွင် အစည်း အဝေး လွတ်သွားမည်စိုးသောကြောင့် ဝန်ကြီးဌာနအနေဖြင့် လစ်ဟင်းမှုမဖြစ်စေရန် သစ်တောရေးရာ အောက်ရှိ အမည်စာရင်းပေးထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒေါက်တာတင်တင်သော် အားလည်း ထည့်သွင်းစေလိုကြောင်း ဆွေးနွေးခဲ့ပါသည်။ ၎င်း၏ဆွေးနွေးချက်အား အစား အသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ ဝန်ကြီးဌာနကို လိပ်မူပြီး representative လုပ်နိုင်မည့်သူအား တက်ရောက်ပေးနိုင်ရန် ဖိတ်ကြားလျှင် အဆင်ပြေနိုင်ကြောင်း ပြန်လည်ပြောကြားခဲ့ပါတယ်။

၅။ ဆက်လက်၍ ဒေါက်တာဉမ္မာစိုးဝင်း ညွှန်ကြားရေးမှူး (အစားအသောက်)၊ အစားအသောက် နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အဖွဲ့ဝင်စာရင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန၊ မွေးမြူးရေးနှင့်ကုသရေးဦးစီးဌာနမှ အမည်စာရင်းမပါရှိသေးကြောင်းပြောကြားရာ မွေးမြူရေး နှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးအဆင့်သည် အစည်းအဝေးတက်ရောက်ရပြီး ဆုံးဖြတ်ချက်ကို အဆင့်မြင့်အရာရှိမှ လုပ်ဆောင်ရ၍ အမည်စာရင်းပေးရန် ခက်ခဲကြောင်း၊ ရာထူး တစ်ခုဖြင့် သတ်သတ်မှတ်မှတ်ဖိတ်လျှင် အဆင်ပြေကြောင်း၊ အဆင့်မြင့် ကိုယ်စားလှယ်တစ်ဦး တက်ရောက်ရန်ဖိတ်ကြားခြင်းဖြစ်၍ ၎င်းတို့ဝန်ကြီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (၃) ဦး ရှိသည့်အနက် (၁) ဦးသာလျှင် ဤကိစ္စနှင့်သက်ဆိုင်သူဖြစ်ကြောင်းနှင့် ဒေါက်တာမင်းသိမ်းမော်၊ ညွှန်ကြားရေးမှူး၊ မွေးမြူးရေးနှင့်ကုသရေးဦးစီးဌာနအား အဖွဲ့ဝင်အဖြစ်အဆိုပြုလိုကြောင်း ဆွေးနွေး ခဲ့ပါသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်ဒေါက်တာသာထွန်းကျော်မှ အဆင့်မြင့်ကိုယ်စားလှယ် တစ်ဦးနေရာတွင် ယခုနယ်ပယ်နှင့်ဆက်စပ်သော ဒုတိယညွှန်ကြားရေးမှူး ချုပ်တစ်ဦး၏ အမည်ပေးသင့်ကြောင်း၊ အကယ်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် မအားလပ်ပါက သက်ဆိုင်ရာတာဝန်ရှိ ညွှန်မှူး၊ ဒုညွှန်မှူး အစရှိသည်ဖြင့်စေလွှတ်နိုင်ကြောင်းနှင့် ဖိတ်ကြားလျှင် လည်း ဒုတိယညွှန်ကြားရေးမှူးချုပ်ကိုသာ လိပ်မူပြီးဖိတ်ကြားစေလိုကြောင်း ပြောကြားခဲ့ပါသည်။ မန္တလေးစည်ပင်သာယာရေးကော်မတီ၊ စျေးနှင့်သားသတ်ဌာနမှ ၎င်းတို့ဌာနအား ဖိတ်ကြားလျှင် အဆင့်မြင့်ရာထူးရှိသူကိုသာ ဖိတ်ကြားစေလိုကြောင်း ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံကုန်သည် များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ၎င်းတို့အသင်း၏အမည်မှာ ကုန်သည်စက်မှု အသင်းချုပ်သည် အသင်း၏အတို ကောက်အမည်သာဖြစ်ပြီး မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဆွေးနွေးချက်များအပေါ် အစား

အသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ ဖိတ်ကြားလျှင် အမည်ဖြင့် မဖိတ်ဘဲ ဌာနများ၏အကြီး အကဲများကို ပါဝင်ဆွေးနွေးပေးနိုင်သူတစ်ဦး စေလွှတ်ပေးပါရန်ဟူ၍ ဖိတ်ကြားလျှင် ပို၍အဆင်ပြေ နိုင်မည်ဟုယူဆကြောင်း၊ အစည်းအဝေးတက်နိုင်/ မတက်နိုင် ဆက်သွယ်လျှင် အမည်ပေး ထားသူကိုသာ ဆက်သွယ်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

၆။ စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း)၊ အစားအသောက်သိပ္ပံနှင့်နည်းပညာဌာနမှ ၎င်းတို့ဌာန အမည်မှာ အစားအသောက်သိပ္ပံနှင့်နည်းပညာဌာနဖြစ်ကြောင်း၊ ပါမောက္ခချုပ်ထံလိပ်မူပြီး တက်ရောက်မည့်သူနေရာတွင် ဒေါက်တာသန်းသန်းစိုး၊ ပါမောက္ခဌာနမှူး၊ အစားအသောက် သိပ္ပံနှင့် နည်းပညာဟူ၍ ဖိတ်ကြားစေလိုကြောင်း၊ ယခင်အစည်းအဝေးတက်သူနှင့် ယခု အစည်းအဝေး တက်သူမှာ တစ်ဦးထဲဖြစ်လျှင် အဆက်အစပ်ရှိမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ၎င်းတို့ဌာနအား ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာဆပ်ကော်မတီ၊ မွေးမြူရေး နှင့်ကုသရေးဦးစီးဌာနအနေဖြင့် ဖိတ်ကြားစေလိုကြောင်း (သို့မဟုတ်) တာဝန်ခံ၊ ဆွေးနွေးပေးမည့် သူဟု ထည့်သွင်းဖိတ်ကြားပေးရန် တင်ပြခဲ့ပါသည်။ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ ၎င်းတို့ဌာနတွင် အစားအသောက်အပိုင်းနှင့် စက်မှုလက်မှုအပိုင်းဟူ၍ ရှိသောကြောင့် အမည်တပ်၍ ဖိတ်စေလိုကြောင်း ဆွေးနွေးခဲ့ပါသည်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေး ဌာနမှ လိုအပ်သလိုပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟူသည့် အချက်ထည့်သွင်းသင့်ကြောင်း ဆွေးနွေးခဲ့ပါ သည်။ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ၎င်းတို့ဌာနမှ အမည်စာရင်း (၂) ဦး ပေးထားကြောင်း တင်ပြရာတွင် အမြဲတမ်းအတွင်းဝန်မှ ကျွမ်းကျင်မှုဘာသာရပ် (၂) မျိုးဖြစ်နေလျှင် (၂) ဦးစလုံးထည့် ရန် အဆင်ပြေကြောင်း ပြန်လည်ဆွေးနွေးခဲ့ပါသည်။ ညွှန်ကြားရေးမှူး (အစားအသောက်) မှ စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ကုန်သွယ်ရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီး ဌာနဟူ၍ (၂) ခုရှိပြီး (၂) ဦးထဲမှ မည်သူ့အား ရွေးရမည်ကို ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ဆွေးနွေး ခဲ့ပါသည်။ သတ္တုတွင်းဦးစီးဌာနမှ ကိုယ်စားလှယ်က သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာနတွင် သတ္တုတွင်းဦးစီးဌာနနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနဟူ၍ နှစ်ခုရှိကြောင်းပြောကြားရာ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ ဌာနမတူပါက နှစ်ဦးစလုံးထည့်ရန်သင့်လျှော်ကြောင်း ဆွေးနွေးခဲ့ပါသည်။ စားသုံးသူရေးရာဦးစီးဌာန၊

ညွှန်ကြားရေးမှူး (သတင်းအချက်အလက်နှင့်နည်းပညာ) မှ ၎င်းတို့၏ဌာနအမည်မှာ သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၇။ ဆက်လက်၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ မြန်မာကိုဒက်ကော်မတီ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်ဝတ္တရားများအား တင်ပြဆွေးနွေးခဲ့ရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (အာဟာရ) မှ အစားအသောက်စံချိန်စံညွှန်းနှင့်ပက်သက်၍ ပညာရေးဝန်ကြီးဌာန၏ အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာနအောက်တွင် ဆပ်ကော်မတီများရှိသည်ဟု သိရကြောင်း၊ ယခုလက်ရှိတွင် ဆား၏ Iodine သတ်မှတ်ချက်နှင့်ပက်သက်၍ စံချိန်စံညွှန်း အမိန့်သတ်မှတ်ချက်လုပ်ရန် ဆောင်ရွက်နေကြောင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ အစားအသောက်စံချိန်စံညွှန်းဆပ်ကော်မတီထံ တင်ပြရကြောင်းနှင့် မြန်မာကိုဒက်ကော်မတီ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်ဝတ္တရားများခေါင်းစဉ်အောက်ရှိ ‘မြန်မာအစားအသောက်ဆိုင်ရာ စံချိန်စံညွှန်းရေးဆွဲပြဋ္ဌာန်းရာတွင် မဟာဗျူဟာ၊ နည်းဗျူဟာကျ နည်းလမ်းများဖြင့် ဦးဆောင်မှုပေးရန်’၊ ‘နိုင်ငံတကာ စံချိန်စံညွှန်းများကို ကိုးကားသတ်မှတ်မည့် ကိစ္စရပ်များ၌ ညှိနှိုင်းသတ်မှတ်ရန်’ ဟူသော အချက်များနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ အစားအသောက်စံချိန်စံညွှန်းဆပ်ကော်မတီ မည်ကဲ့ သို့ဆက်စပ်ကြောင်းသိရှိလို၍ မေးမြန်းဆွေးနွေးခဲ့ရာ ညွှန်ကြားရေးမှူး (အစားအသောက်) မှ အစားအသောက် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အဓိကတာဝန်ယူပြီး အဖွဲ့ဝင်များကို အမည်စာရင်းပေးပို့ရသော စနစ်ထားရှိကြောင်းနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။ ငါးလုပ်ငန်းဦးစီးဌာနမှ Fish And fishery Product များကိုလည်း သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန (DRI) နှင့် ချိတ်ဆက်ထားပြီး စံချိန်စံညွှန်း (၉) ခုရှိကြောင်း၊ စံချိန်စံညွှန်းရေးဆွဲမည်ဆိုလျှင် အထူးသဖြင့် Codex Standard များကို မှီငြမ်းပြီး လုပ်ဆောင်ရကြောင်း၊ Codex Standard များကို စားသုံး သူများ ထုတ်လုပ်သူများက လိုက်နာဆောင်ရွက်နိုင်မှုရှိ/ မရှိ သုံးသပ်ရမည်ဖြစ်ကြောင်းနှင့် ယခုကိစ္စ နှင့်ပတ်သက်၍ သိလိုလျှင် DRI မှ ဒေါက်တာဝါဝါမိုးအား မေးမြန်းနိုင်ကြောင်း ဆွေးနွေးခဲ့ပါသည်။

၈။ ထို့နောက်နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနမှ မြန်မာကိုဒက်ကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများအောက်ရှိ ဒုတိယအချက်ဖြစ်သည့် 'ကိုဒက်ကော်မရှင် နှင့်ပတ်သက်သည့်ကိစ္စရပ်များတွင် မြန်မာနိုင်ငံ၏ ရပ်တည်မှုကို ဖော်ဆောင်နိုင်ရန် ညှိနှိုင်းရန်' တွင် 'ညှိနှိုင်းရန်' အား ဖြုတ်ပါက ပိုမိုသင့်လျော်ကြောင်းနှင့် ပဉ္စမအချက်ဖြစ်သည့် 'မြန်မာနိုင်ငံ အစားအသောက်အာဏာပိုင်အဖွဲ့၏ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်အရည်အသွေး ဆိုင်ရာကိစ္စရပ်များအတွက် ပေးအပ်သော အထူးကိစ္စရပ်များ အကောင်အထည်ဖော်နိုင်ရန် ညှိနှိုင်း ဆောင်ရွက်ရန်' ဟူသော အချက်တွင် အထူးကိစ္စရပ်များ၌ အထူးကိုဖြုတ်ရန် ဆွေးနွေးခဲ့ပါသည်။ စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း)၊ အစားအသောက်သိပ္ပံနှင့်နည်းပညာဌာနမှ အစားအသောက်များတွင် သန့်ရှင်းလတ်ဆတ်သော အမျိုးအစားဖြစ်ပါက စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ယူစစ်ဆေးပြီး FDA နှင့်သက်ဆိုင်သော အပိုင်းများတွင် 'နိုင်ငံတကာ စံချိန်စံညွှန်းများကို ကိုးကား သတ်မှတ်မည့်ကိစ္စရပ်များ၌ ညှိနှိုင်းသတ်မှတ်ရန်' ဟူသောအချက်တွင် 'အစားအသောက်အတွက်' ဟု ထည့်လိုက်လျှင် ပိုမိုပြည့်စုံ၍ ကိုက်ညီမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။ မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ စားသောက်ကုန်နှင့်ပတ်သက်၍ တင်သွင်း/ တင်ပို့ရာ တွင် National Standard နှင့် Codex Standard မည်သူကို လိုက်နာရမည်ဖြစ်ကြောင်းနှင့် တင်သွင်းလာသော စားသောက်ကုန်များကိုလည်း National Standard ကို မှီမှ တင်သွင်း၍ရမည့် အပိုင်းများအား သိရှိလို၍ မေးမြန်းဆွေးနွေးခဲ့ရာ အမြဲတမ်းအတွင်းဝန်မှ National Standard ကို ဒေသတွင်းနှင့်နိုင်ငံတကာတွင် အသုံးပြု၍ရရန် အတည်ပြုထားရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ညွှန်ကြားရေးမှူး (အစားအသောက်)မှ National Standard ရှိပြီးလျှင် သွင်းကုန်/ ပို့ကုန်၌ ၎င်းတို့တိုင်းပြည်တွင် Standard မည်ကဲ့သို့ရှိစေကာမူ တင်သွင်းသည့်နိုင်ငံ၏ Standard ပြည့်မှီမှသာ တင်သွင်းခွင့်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၉။ ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကိုဒက်အတွင်းရေးမှူးရုံးအဖွဲ့ ဖွဲ့စည်းခြင်းကိစ္စအားတင်ပြရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနမှ ယခုလက်ရှိ ဖွဲ့စည်းပုံအနေဖြင့် အဆင်ပြေကြောင်း၊ သို့သော်လည်း နောက်ပိုင်းတွင် ဖွဲ့စည်းပုံချဲ့သင့်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဘက်ဂျက်နှင့်ကုန်ကျစရိတ် ကိစ္စရပ်အားတင်ပြရာ အမြဲတမ်း

အတွင်းဝန်၊ ဒေါက်တာသာထွန်းကျော်မှ ဘက်ဂျက်ဆွဲသောအခါ ကိုဒက်အတွက် ငွေစာရင်းခေါင်းစဉ် သီးသန့်ထည့်သွင်းရေးဆွဲရန် ပြောကြားခဲ့ပြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး (စီမံရေး) မှ ကိုဒက်အတွက် ငွေစာရင်းခေါင်းစဉ် သီးသန့်ထည့်သွင်းရေးဆွဲဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ပါသည်။

**၁၀။** ထို့နောက်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ မြန်မာ ကိုဒက်ကော်မတီ ဖွဲ့စည်းခြင်း၏အကျိုးကျေးဇူးများ၊ အကောင်အထည်ဖော်ရန်လိုအပ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ဆက်လက်၍ အစားအသောက်စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ အဖွဲ့ဝင်အမည်စာရင်းအား တင်ပြပြီး အမှတ်စဉ် (၂) ဒေါက်တာထင်လင်းနေရာတွင် ဒေါက်တာအောင်ကျော်ထွေး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန) အား အစားထိုးရန်ပြောကြားခဲ့ပါသည်။ ငါးလုပ်ငန်းဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးက အမှတ်စဉ် (၁၅) ဦးသက်ခိုင်နေရာတွင် ဒေါက်တာစုမျိုးသွယ် (ဒုတိယညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန) အား အစားထိုးရန် တင်ပြခဲ့ပါသည်။ ညွှန်ကြားရေးမှူး (အစားအသောက်) မှလည်း အဖွဲ့ဝင်များ၏ ရာထူးများကို Update လုပ်ရန် လိုအပ်ကြောင်းတင်ပြခဲ့ပါသည်။

**၁၁။** ဆက်လက်၍ အထွေထွေဆွေးနွေးခြင်း အစီအစဉ်တွင် ညွှန်ကြားရေးမှူး (အစားအသောက်) မှ စိုက်ပျိုးရေးအခြေခံထွက်ကုန်များ (ဆန်၊ ပဲ စသည်) တို့တွင် Standard ရှိကြောင်းနှင့် ဆီအတွက် ဆွေးနွေးထားကြောင်း ပြောကြားခဲ့ပါသည်။ အမြဲတမ်းအတွင်းဝန်၊ ဒေါက်တာသာထွန်းကျော်မှ ကိုဒက်ကော်မတီသည် စားသုံးသူများအပြင် ကုန်သွယ်ရေးအတွက် လိုအပ်သော စံချိန်စံညွှန်းများ အတွက်ပါ တာဝန်ရှိကြောင်း၊ နိုင်ငံတော်အတွက် တာဝန်ကြီးကြောင်း၊ မရှိမဖြစ်လိုအပ်ကြောင်းနှင့် နည်းပညာပိုင်းအရ အလွန်မြင့်သည်ဟုမြင်ကြောင်း ဆွေးနွေးခဲ့ပါသည်။

**၁၂။** ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ဒေါက်တာသာထွန်းကျော်မှ မြန်မာနိုင်ငံအတွက်အရေးကြီးသော စံချိန်စံညွှန်းများကို ချမှတ်မည့် ကိုဒက်ကော်မတီဖွဲ့စည်းရန်အတွက် ယနေ့အစည်းအဝေးသည် ပထမခြေလှမ်းဟု ယူဆကြောင်း၊ ဆောင်ရွက်နိုင်မည့်ကိစ္စရပ်အားလုံးကို ဆွေးနွေးပေးကြသော ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ

အား ကျေးဇူးအထူးတင်ရှိပါကြောင်း၊ အစားအသောက်၏ အရည်အသွေးနှင့် စံချိန်စံညွှန်းများကို ယခုအခါ လူအများ အလေးထားလာကြကြောင်း၊ ပြည်တွင်းတွင်ပြုလုပ်သော အစည်းအဝေးများ တွင် အစားအသောက်၏ Calories value များကိုပါ တွက်ချက်ပေးနိုင်ရန် လူအများပြောလာကြ ကြောင်း၊ အစားအသောက်နှင့်ပတ်သက်၍ ပြည်သူလူထု၏ awareness ကောင်းလာကြကြောင်း၊ အစားအသောက်များတွင် ထုတ်လုပ်ရက်စွဲ၊ သက်တမ်းကုန်ရက်စွဲ ပါရှိရန်လိုအပ်ကြောင်း၊ လူထုရဲ့ Knowledge၊ Awareness မြင့်တက်လာတာနဲ့အညီ မြန်မာကိုဒက်ကော်မတီ သည် နည်းပညာ ပိုင်းဆိုင်ရာထက်မြက်သော အဖွဲ့အစည်းဖြစ်အောင် ကြိုးစားသင့်ကြောင်း၊ မြန်မာကိုဒက်ကော်မတီ ဖွဲ့စည်းပြီး နောက်ပိုင်းတွင် Regional, Global Level များတွင် မြန်မာ နိုင်ငံကိုယ်စားပြုသော ကိုဒက်အဖွဲ့ဝင်အနေနှင့် ပါဝင်ရမည်ဖြစ်သည့်အတွက် ယနေ့အစည်းအဝေးသည် အလွန်အရေးကြီး ကြောင်း၊ အစားအသောက်များ၏ အရည်အသွေး၊ စံချိန်စံညွှန်းများကို ပြည့်မီအောင် သတ်မှတ် ဆောင်ရွက်ရန်အတွက် မြန်မာကိုဒက်ကော်မတီသည် အရေးကြီးကြောင်း ပြောကြား၍ နိဂုံးချုပ်ခဲ့ ပါသည်။

**၁၃။** အောက်ပါအတိုင်း ဆွေးနွေးဆုံးဖြတ်ကြပါသည်။

| စဉ် | အစည်းအဝေးဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်ဌာန/ အဖွဲ့အစည်း |
|---|---|---|
| (က) | မြန်မာကိုဒက်ကော်မတီ၏ အစည်းအဝေးပွဲများ တက်ရောက်ရန်ဖိတ်ကြားရာတွင် ညွှန်ကြားရေးမှူးချုပ် အားလိပ်မူပြီး တက်ရောက်မည့်သူအမည်ဖြင့် ဖော်ပြ ဖိတ်ကြားရန်၊ | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန |
| (ခ) | မြန်မာကိုဒက်ကော်မတီ၏ အဖွဲ့ဝင်အရေအတွက်နှင့် ကိုယ်စားလှယ်အမည်စာရင်း အတည်ပြုချက်အား ပြင်ဆင်ရန်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မှ အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေး ပြင်ဆင် တင်ပြရန်၊ | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန |

| | | |
|---|---|---|
| (ဂ) | အစားအသောက်စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ၏ အဖွဲ့ဝင်အမည်စာရင်းအား Update ပြုလုပ်၍ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနသို့ ထပ်မံပေးပို့အကြောင်းကြားရန်၊ | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |
| (ဃ) | မြန်မာကိုဒက်ကော်မတီ၏ ကိုဒက်ဆက်သွယ်ရေးအရာရှိကို ညွှန်ကြားရေးမှူး(အစားအသောက်)အား သတ်မှတ်ထားရှိရန်၊ | - |
| (င) | မြန်မာကိုဒက်ကော်မတီ၏ လုပ်ငန်းများ ဆောင်ရွက်ရန် ကိုဒက်ကော်မတီအတွက် ငွေစာရင်းခေါင်းစဉ်ကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ဘတ်ဂျတ်တွင် ဖော်ထုတ်ထည့်သွင်းရေးဆွဲရန်၊ | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ |

၁၄။ အစည်းအဝေးအစီအစဉ်ကို နံနက် (၁၁:၃၀ နာရီ) တွင် အောင်မြင်စွာ ရုတ်သိမ်းခဲ့ပါသည်။

<u>မှတ်တမ်းတင်သူများ</u>

ဒေါက်တာဖြိုးညီညီသက်
ဦးစီးအရာရှိ (အစားအသောက်ဌာနခွဲ)

ဒေါ်ဇင်နွယ်မြင့်
ဒု-ကြီးကြပ်ရေးမှူး(အစားအသောက်ဌာနခွဲ)

စာအမှတ်၊ အစဆ/၂(စသပ)ထွေ-၂/၂၀၁၉/
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ(    ) ရက်

ဖြန့်ဝေခြင်း-
- အစည်းအဝေးတက်ရောက်သူများအားလုံး၊
- ရုံးလက်ခံ၊
- မျှောစာတွဲ။